၂၄-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၈၀၀၀ | - | ၃၄၀၀ | ၃၂၅၀ | ၂၇၆၀ | ၃၄၂၅ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၅၀၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၉၀၀ | ၅၃၈၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၈၀၀ | ၃၃၂၀ | ၃၁၆၅ | ၂၆၈၀ | ၃၃၄၀ | ၅၂၀၀၀၀၀ | |
| ၅ | လွိုင်ကော် | ၄၂၀၀ | | ၈၅၀၀ | ၂၂၀၀၀ | ၇၇၀၀ | ၃၃၃၀ | ၃၁၈၀ | ၂၆၉၅ | ၃၃၅၅ | | |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၃၂၈၅ | ၃၁၃၀ | ၂၆၄၅ | ၃၃၀၅ | ၅၀၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၃၃၀၀ | ၃၁၄၅ | ၂၆၆၀ | ၃၃၂၀ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၁၈၅၀၀ | ၇၆၈၀ | ၃၃၁၀ | ၃၁၅၅ | ၂၆၇၀ | ၃၃၃၀ | ၆၃၅၀၀၀၀ | |
| ၉ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၉၀၀ | ၃၈၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၅၀ | ၆၈၁၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၂၅၀ | ၃၂၁၅ | ၃၀၆၀ | ၂၅၇၅ | ၃၂၃၅ | ၅၃၃၀၈၆၂ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၃၂၇၅ | ၃၁၂၀ | ၂၆၃၅ | ၃၃၀၀ | ၆၇၆၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၃၇၃၅ | ၃၅၈၅ | ၃၀၉၅ | ၃၇၆၀ | ၆၀၀၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၇၉၀၀ | ၃၃၂၀ | ၃၁၇၀ | ၂၆၈၀ | ၃၃၄၅ | ၅၂၇၇၅၀၀ | |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၈၅၀ | ၃၂၉၅ | ၃၁၄၀ | ၂၆၅၅ | ၃၃၁၅ | ၅၂၀၆၀၀၀ | |
| ၁၆ | ပခုက္ကူ | ၃၃၀၀ | | ၅၈၀၀ | ၁၈၅၀၀ | ၇၈၀၀ | ၃၂၉၅ | ၃၁၄၅ | ၂၆၅၅ | ၃၃၂၀ | ၄၉၀၀၀၀၀ | |
| ၁၇ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၇၅၀ | ၃၂၉၅ | ၃၁၄၅ | ၂၆၅၅ | ၃၃၂၀ | ၅၂၁၆၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၃၂၅၅ | ၃၁၀၀ | ၂၆၁၅ | ၃၂၈၀ | ၅၀၆၃၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ↑၇၆၀၀ | ၃၂၂၅ | ၃၀၇၀ | ၂၅၈၅ | ၃၂၄၅ | ၅၀၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ↓၂၁၀၀၀ | ၇၇၂၀ | ၃၂၇၀ | ၃၁၁၅ | ၂၆၃၀ | ၃၂၉၀ | ၅၃၃၀၈၆၂ | |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ↓၂၁၀၀၀ | ၇၇၂၀ | ၃၂၇၀ | ၃၁၁၅ | ၂၆၃၀ | ၃၂၉၀ | ၅၃၃၀၈၆၂ | |
| ၂၂ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၄၀၂၀ | ၃၈၇၀ | ၃၃၈၀ | ၄၀၄၅ | ၆၃၀၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ




## (၄) ကြိမ်မြောက် အာဆီယံဒေသတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့







(၄) ကြိမ်မြောက် အာဆီယံဒေသတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဒီဂျစ်တယ်နှင့် အစိမ်းရောင် စီးပွားရေးကဏ္ဍတွင် စားသုံးသူများ၏ စွမ်းဆောင်နိုင်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများနှင့် သတင်းအချက်အလက်များဖလှယ်နိုင်ခြင်းနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းများကို အာဆီယံလမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည်တို့ကို လေ့လာသိရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းတွင် ယှဉ်ပြိုင်နိုင်စွမ်းပြည့်ဝပြီး စားသုံးသူအခွင့်အရေးများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်သည့် ဈေးကွက်ဖြစ်ထွန်းလာစေရေးအတွက်

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

စာမျက်နှာ ၃ ကော်လံ ၁ သို့

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၄

၂။ (၄) ကြိမ်မြောက် အာဆီယံဒေသတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့

၃။ ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၆

၄။ ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ ဖုန်းဘေလ်ဖြည့်သွင်းခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၇

၆။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၇။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၈။ ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

၉။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၃

၁၀။ တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၁။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၂။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၈

၁၃။ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် ဩဂုတ်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၁၉

၁၄။ ကျန်းမာရေးနှင့်မျှစ်

၁၅။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ




## ကုန်သွယ်မှုကဏ္ဍ

### ကျန်းမာရေးနှင့်မျှစ်

မျှစ်သည် မြက်မျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပြီး မြက်မျိုးနွယ်များထဲတွင် အကြီးဆုံးနှင့်အရှည်ဆုံးသော မြက်မျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပါသည်။ မျှစ်ထွက်ချိန် ရက်သတ္တပတ် (၁) ပတ် မတိုင်မီကာလတွင် ဝါးပင်၏ သားတက်အဖြစ်သာ ရှိသေးသည်။ မျှစ်ကို အင်္ဂလိပ်အခေါ်အဝေါ်အရ Banboo Shoot (Bamboo Sprouts) ဟုခေါ်ပြီး ရုက္ခဗေဒအရ Bambusa vulaaris, Phylostachys edulis ဟုခေါ်ပါသည်။ မျှစ်တွင် ပိုတက်ဆီယမ် ၁၅ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒြိတ် ၁ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၈ ရာခိုင်နှုန်း၊ သကြားဓာတ် ၃ ရာခိုင်နှုန်း၊ ပရိုတိန်း ၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဗီတာမင်စီ ၆ ရာခိုင်နှုန်း၊ ကယ်လ်စီယံ ၁ ရာခိုင်နှုန်း၊ သံဓာတ် ၂ ရာခိုင်နှုန်း၊ ဗီတာမင် B6 ၁၀ရာခိုင်နှုန်း၊ အဆီဓာတ် ၃ ရာခိုင်နှုန်း ပါဝင်ပါသည်။ အာရှနိုင်ငံအများစုတွင် မျှစ်ကို နှစ်နှစ်ခြိုက်ခြိုက်စားသုံးကြပါသည်။

အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်နေသောကြောင့် အစာခံစေခြင်း ကယ်လိုရီကာဗိုဟိုက်ဒရိတ်နှင့် သကြားဓာတ်နှင့် အဆီဓာတ်ပါဝင်မှုနည်းသောကြောင့် ကိုယ်အလေးချိန်တက်ခြင်းမျိုး မဖြစ်စေနိုင်သဖြင့် ဝိတ်ချနေသူများစားသုံးရန် အထူးသင့်လျော်ပါသည်။



မျှစ်တွင် သွေးတွင်း၌ အကျိုးမပြုသော ကိုလက်စထရော (LDL) များကို ချေဖျက်ပေးနိုင်သော Phytostrols & Phytonutrients များ ပါဝင်သဖြင့် သွေးတွင်းကိုလက်စထရောကို ကျဆင်းစေပြီး သွေးကြောထဲတွင် သွေးစီးဆင်းမှုကို ကောင်းမွန်စေသကဲ့သို့ အူမကြီးလှုပ်ရှားမှုကိုလည်း ကောင်းမွန်စေပါသည်။

မျှစ်တွင် ပါဝင်နေသော Phytostrols မှ ကင်ဆာရောဂါအား ကာကွယ်ပေးနိုင်သော အာနိသင်ရှိပါသည်။ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာများကို ကာကွယ်ပေးနိုင်သကဲ့သို့ အမျှင်ဓာတ်ကြွယ်ဝမှုကြောင့် အူမကြီးကင်ဆာ ဖြစ်နိုင်ချေကိုလည်း ကာကွယ်မှုပေးပါသည်။

ထို့အပြင် မျှစ်တွင် ပါဝင်သော ဗီတာမင်နှင့် သတ္တုဓာတ်များက ကိုယ်ခံအားကောင်းစေပါသည်။ မျှစ်သည် အမျှင်ဓာတ် ကြွယ်ဝသောကြောင့် အစားကြေစေနိုင်ပြီး ဝမ်းမှန်စေပြီး အစားချေစနစ် ကောင်းမွန်စေရန်အတွက် စားသုံးသင့်သော အစားအစာတစ်ခုဖြစ်ပါသည်။

မျှစ်သည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ပေးဆောင်နိုင်သော်လည်း ကိုယ်ဝန်ဆောင်မိခင်များနှင့် မသင့်တော်ပေ။ ထို့ကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် မျှစ်ကို လုံးဝမစားသုံးသင့်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**Source:** နေပြည်တော်ကောင်စီဦးစီးမှူးရုံး

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့်စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း အသိပညာပေးဟောပြောပွဲကျင်းပခြင်း (၂၅၂) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း (၃၁၃) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ၃ ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၅) ကြိမ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိပါသည်။

**Source:** အသိပညာပေး

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် ဩဂုတ်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း လုပ်ငန်းရှင်ပေါင်း (၄၅) ဦးက အပ်နှံလာသော သီးနှံအမျိုးအစား (၁၀) မျိုး၊ စုစုပေါင်းနမူနာအရေအတွက် (၈၈) ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း (၃၁၁) ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား ဂျပန်နှင့် အိုက်စလန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ ပဲတီစိမ်း၊ ပဲလွန်း၊ ထောပတ်ပဲ၊ နှမ်းမှုန့်၊ ပဲယင်း၊ ဆန်ဖြူ ပေါင်းဆန် စသည်တို့၏ ရူပနှင့် ဓာတုအရည်အသွေး၊ ပိုးသတ်ဆေးကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှုစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးကြွင်းဆိုင်ရာ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၃၁) ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၅) ခု၊ ဆီနှင့်ဆီထွက်သီးနှံ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၂၆၆) ခု၊ သီးနှံ (ဓာတု) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၆) ခုနှင့် သီးနှံ (ရူပ) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၃) ခု စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု (၃၁၁) ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း



*စာမျက်နှာ ၁ မှအဆက်*

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကောင်းမွန်သော စီးပွားရေးလုပ်ငန်း အလေ့အထများကို လိုက်နာကျင့်သုံးစေခြင်း၊ လုံခြုံစိတ်ချရမှုရှိပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိစေခြင်းနှင့် စွမ်းဆောင်ရည်မြင့်မားသော စားသုံးသူများ ဖြစ်ထွန်းလာစေခြင်းစသည်တို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများတွင် ဒီဂျစ်တယ်ကဏ္ဍအပါအဝင် ကဏ္ဍစုံတွင် လိုအပ်သော ဥပဒေ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြဋ္ဌာန်းခြင်း၊ ဥပဒေတွန်းအားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းမှ စားသုံးသူ အငြင်းပွားမှုဖြေရှင်းသည့် လုပ်ငန်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော စားသုံးမှုအလေ့အထပုံစံများ ဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းများနှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော စားသုံးသူကာကွယ်ရေး နယ်ပယ်အသစ်များတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် သတင်းအချက်အလက်များကို ရယူဖလှယ်ခြင်းနှင့် နည်းပညာအကူအညီများရယူခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၇-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၆-၈-

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှအဆက်*

၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၂-၈-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ နေပြည်တော် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၇-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို၂၈-၈-၂၀၂၄ရက်နေ့တွင်လည်းကောင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၉-၈-၂၀၂၄ ရက် နေ့တွင်လည်းကောင်း စုစုပေါင်း (၉) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ

ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (Australian Competition and Consumer Commission - ACCC) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ASEAN Strategic Action Plan for Consumer Protection (ASAPCP) တွင် ပါရှိသော လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူကာကွယ်ရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့် မူဝါဒများ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများတွင် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

ACCC သည် ၁၉၉၅ ခုနှစ်တွင် လွတ်လပ်သော ဓနသဟာယဥပဒေအရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဩစတြေးလျ စားသုံးသူဥပဒေနှင့် စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို စီမံခန့်ခွဲခြင်း၊ ဩစတြေးလျနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ယှဉ်ပြိုင်မှုကို မြှင့်တင်ခြင်း၊ တရားမျှတသော ကုန်သွယ်မှုကို မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့် အခြေခံအဆောက်အအုံများကို ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ACCC ရှိ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ (Product Safety Division) သည် စားသုံးသူများအား လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များမှ ကာကွယ်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပါ

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှအဆက်*

လုပ်ငန်းရှင်များ၊ ဖုန်းပြုပြင်ရေးနှင့် ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ နာရီအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကုန်အညွှန်းအမှတ် အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့ အ. လ. က (၇) ကျောင်း၊ မုဒုံမြို့နယ် ပိုင်ကမာကျေးရွာ အ. မ. က ကျောင်း၊ ဝက်တဲကျေးရွာ အ. မ. က ကျောင်း၊ ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာရှိ အ. မ. က (နောင်လုံကွင်း) ကျောင်း၊ ချောင်းဆုံမြို့နယ် အ. မ. က (ကုလားတို့) ကျောင်းနှင့် အ. မ. က (ခလော့ကနိုင်း) ကျောင်း၊ အ. မ. က (ဘုရားကြီးကုန်း) ကျောင်း၊ ကဒါရပ်ကွက် အ. ထ. က (မင်းတန်း) ကျောင်း၊ ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာရှိ အ. မ. က နှင်းပုလဲ (မြောက်) ကျောင်း၊ မော်လမြိုင်မြို့ သားဖွားသင်တန်းကျောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ သင်တန်းကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များပေးအပ်ခဲ့ကြောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အွန်လိုင်းရောင်းချမှုနှင့်ပတ်သက်သည့်အသိပညာပေး Talk Show အစီအစဉ် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် မော်လမြိုင်မြို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်၊ ကုလားဘီကျေးရွာမှ ဆီစက်လုပ်ငန်းရှင်၊ ဆန်စက်လုပ်ငန်းရှင်၊ ဆပ်ပြာမှုန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်၊ အသင့်စားမုန့်အမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်၊ မုဒုံမြို့နယ်ရှိ စားအုန်းဆီ လက်လီရောင်းချပေးနေသည့် လုပ်ငန်းရှင်များ၊ မွန်ပြည်နယ်အတွင်း စားအုန်းဆီလက်လီလက်ကားဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးအမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ လိုက်နာရမည့်အချက်အလက်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် တောင်ကြီးမြို့၊ ပင်းပက်ရှိ ရှမ်းရိုးမဘိလပ်မြေစက်ရုံမှ စက်ရုံလုပ်သားများ၊ လွိုင်လင်မြို့၊ တောင်နောက်ကျေးရွာ၊ အ. လ. က (ခွဲ) ကျောင်းနှင့် ကျိုင်းတုံမြို့၊ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၆) အ. ထ. က ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျိုင်းတုံမြို့၊ ယန်းကျိန်အုပ်စု၊ ဝမ်တောင်းကျေးရွာအတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ပြုလုပ်သည့် စက်ချုပ်သင်တန်းတွင် သင်ကြားနေသော သင်တန်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ကျိုင်းတုံမြို့၊ ရပ်ကွက် (၃)၊ မြို့သစ်ရပ်အတွင်းရှိ ဝက်ခေါက်နှင့် အမဲခေါက်ထုတ်လုပ်သည့် လုပ်ငန်းရှင်အား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များအကြောင်းကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

*စာမျက်နှာ ၁၅ မှအဆက်*

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မုန့်ထုတ်လုပ်မှု သင်တန်းရှိ သင်တန်းသားများ၊ မင်းဘူးမြို့ တပ်မြေ အ. ထ. က ကျောင်း (ခွဲ) နှင့် သရက်မြို့ အမှတ် (၃) အ. ထ. က ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ကံမမြို့၊ မကွေးမြို့၊ ပွင့်ဖြူမြို့တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် သရက်မြို့ မြခဲတောင်ဘုရားအနီးရှိ ပဲကြော်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသားများနှင့် ပြည့်စုံစွာထုတ်လုပ်ရန်နှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့၊ မုဒိတာကိုယ်ပိုင်အလယ်တန်းကျောင်း၊ အမှတ် (၅) အ. ထ. က ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းရှိ သင်တန်းသား၊ သင်တန်းသူများအား စားသုံးသူကာကွယ်ရေး အသိပညာများ ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့နယ်၊ လယ်ကုန်းရပ်ကွက်၊ မိုးညှင်းမြို့နယ်၊ ရွာသာကုန်းကျေးရွာနှင့် ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်နှင့် ပေါက်ကုန်းရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများ၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာအသင်းမှ အသင်းသားများ၊ အောင်သပြေရပ်ကွက်၊ အမှတ် (၂) အ. ထ. က ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ရာ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်ရှိ စားသုံးဆီအမျိုးမျိုး ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းရှင်၊ နောင်နန်းကျေးရွာရှိ စားသောက်ကုန်မျိုးစုံဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များ၊ ဗန်းမော်မြို့ရှိ မလိုင်မုန့်မျိုးစုံ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၊ မြို့မရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မိုးညှင်းမြို့၊ အဝတ်အထည်နှင့် အိတ်အမျိုးမျိုးရောင်းဝယ်ရေး

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*

သည်။ ACCC အနေဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးသော နယ်ပယ်များကို ရွေးချယ်သတ်မှတ်ခြင်း၊ အဆိုပါ နယ်ပယ်များနှင့်ပတ်သက်၍ စားသုံးသူများအား အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ရန် နှစ်စဉ် ဦးစားပေးနယ်ပယ်များ သတ်မှတ်ထားရှိပါသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံအတွင်းရှိ တရားမျှတမှုရှိသော ကုန်သွယ်မှုဆိုင်ရာ အေဂျင်စီများနှင့် လျှပ်စစ်ဆိုင်ရာ ဘေးကင်းလုံခြုံရေးအဖွဲ့အစည်း၊ ကုထုံးဆိုင်ရာ ကုန်စည်များ (ဥပမာ-ဆေးဝါးများ) လုံခြုံရေး၊ မော်တော်ယာဉ် ဘေးကင်းလုံခြုံရေးစသည်ဖြင့် ထုတ်ကုန်ကဏ္ဍအလိုက် ဆောင်ရွက်သည့် အထူးအေဂျင်စီများကလည်း စားသုံးသူ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိပါသည်။

ACCC အနေဖြင့် လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကို လျှော့ချရန်နှင့် အသိပညာပေးမှု များမြှင့်တင်ရန် ဦးစားပေးဆောင်ရွက် ရမည့် နယ်ပယ်များကို နှစ်စဉ်သတ်မှတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကလေးသူငယ် များ၏ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိ စေရေး (အသက် ၃ နှစ်အောက် ကလေးငယ်များအတွက် အိပ်စက်ရန် အထောက်အကူဖြစ်စေသည့် ကုန်စည် များ၊ အရုပ်များ၊ ဘက်ထရီထည့်သွင်း ထားသော ကုန်စည်များ၊ ပရိဘောဂ ပစ္စည်းများ)၊ မွေးကင်းစကလေးအိပ် စက်ရန် ထုတ်လုပ်ထားသော ကုန်စည် များ လုံခြုံစိတ်ချရမှုရှိစေရေး (ကုန် စည်များကြောင့် မွေးကင်းစကလေးငယ် ထိခိုက်နာကျင်မှုနှင့် သေဆုံးမှုများမရှိ စေရေးမဟာဗျူဟာများ ချမှတ်ဆောင် ရွက်ခြင်း)၊ လုံခြုံစိတ်ချရမှုရှိသော အွန်လိုင်းဈေး ကွက်ဖြစ်စေရေး (အွန် လိုင်းတွင် ရောင်းချသော Second-hand ကုန်စည်များကြောင့် ဖြစ်ပေါ် လာနိုင်သည့် ဘေးအန္တရာယ်များကို လျှော့ချရန်၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များ ပပျောက်ရေး) နှင့် ရေရှည်တည်တံ့မှုနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုကို ထိန်းသိမ်းရေး (အသိ ပညာပေးမှုများ မြှင့်တင်ဆောင်ရွက်၍ ဩစတြေးလျနိုင်ငံ၏ ရေရှည်တည်တံ့ သော စီးပွားရေးအသွင်ကူးပြောင်းမှု ကို ထောက်ပံ့ပေး ခြင်း) စသည့် နယ် ပယ်တို့၌ ဦးစားပေးဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ကလေး သူငယ်များ၏ ထုတ်ကုန်များ လုံခြုံစိတ် ချရမှုရှိစေရေးနှင့် ရေရှည်တည်တံ့မှု နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုကို ထိန်း သိမ်းရေးတို့နှင့်စပ်လျဉ်း၍ ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်တွင်းပြည်ပမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ကုန်စည်များ ထုတ်လုပ်စေရေး ဆောင်ရွက်လျက်ရှိ ရာ ကလေးကစားစရာအရုပ်များဆိုင်ရာ စံချိန်စံညွှန်း၊ အဝတ်အစားနှင့် အထည် အလိပ်များတွင် ဖော်ပြသော သတိပြု ဆောင်ရွက်ရန် ကုန်အညွှန်းအမှတ်

**Source: အာဆီယံ**

*စာမျက်နှာ ၅ မှအဆက်*

အသားဆိုင်ရာ စံချိန်စံညွှန်းနှင့် စက်ဘီးစီးဦးထုပ်များဆိုင်ရာ စံချိန်စံညွှန်းတို့ကို ပိုမိုကောင်းမွန်သော စံချိန်စံညွှန်းများ ဖြစ်စေရန်အတွက် ACCC အနေဖြင့် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ထားရှိပြီး မွေးကင်းစကလေး ထုတ်ကုန်များဆိုင်ရာ စံချိန်စံညွှန်း၊ ပရိဘောဂဆိုင်ရာ စံချိန်စံညွှန်းနှင့် ပြန်ဖြည့်သွင်း၍မရနိုင်သော ဟီလီယမ်ဆလင်ဒါဆိုင်ရာ စံချိန်စံညွှန်းတို့ကို ရေးဆွဲလျက်ရှိပါသည်။

**Source: အသိပညာပေး**

*ဆက်လက်ဖော်ပြပါမည်။*

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှု အခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးမှ ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ မိမိရယူထားခြင်းမရှိသော ဝန်ဆောင်မှုအတွက် ဖုန်းဘေလ်များ ဖြတ်တောက်ခံနေရသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှ တစ်ဆင့် ဆက်သွယ်တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့် ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက ဆက်သွယ်ရေးကုမ္ပဏီထံသို့ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက တိုင်ကြားသူ၏ ဖုန်းနံပါတ် (09-xxxxx xxxx) ထံ အကြိမ်ကြိမ် ခေါ်ဆိုခဲ့သော်လည်း ဖုန်းလက်ခံဖြေကြားခြင်းမရှိသဖြင့် ၎င်း၏ ဖုန်းနံပါတ်အား စစ်ဆေးခဲ့ရာ ဖုန်းဘေလ်ဖြတ်တောက်ခံရသည်ဟု ယူဆရသော ဝန်ဆောင်မှုများမှာ ဖုန်းဘေလ်ဖြတ်တောက်ခြင်းမရှိဘဲ သာမန်ဖုန်းသုံးစွဲမှုဖြင့်သာ ဘေလ်ဖြတ်တောက်ထားသည်ကို တွေ့ရှိပါကြောင်း၊ ထပ်မံ၍ တိုင်ကြားသူ၏ ဖုန်းနံပါတ် (09-xxxxxxxxx)



အား စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဝန်ဆောင်မှုတစ်ခုမှ ဖုန်းဘေလ်ဖြတ်တောက်ထားသည်ကို တွေ့ရှိခဲ့ရသဖြင့် ဖြတ်တောက်ထားသော ဖုန်းဘေလ်များကို ပြန်လည်ဖြည့်တင်းပေးခဲ့ပြီး ၎င်းဝန်ဆောင်မှုကိုလည်း ဖျက်သိမ်းပေးခဲ့သည့်အတွက် တိုင်ကြားသူမှလည်း သဘောတူကျေနပ်လက်ခံခဲ့သည်ဟု အကြောင်းပြန်ကြားလာခဲ့ကြောင်း၊ ဌာနမှတာဝန်ရှိသူက တိုင်ကြားသူထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် စိတ်ကျေနပ်မှုရှိကြောင်း ပြန်လည်ပြောကြားခဲ့သဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**



*စာမျက်နှာ ၁၄ မှအဆက်*

မုံရွာမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကွန်ပျူတာသင်တန်းတို့ရှိ သင်တန်းသားများနှင့် စားသုံးသူပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အွန်လိုင်းရောင်းချမှုနှင့်ပတ်သက်သည့် အသိပညာပေး Talk Show အစီအစဉ်ကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးမှုများကိုလည်း စုစုပေါင်း (၂၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် အုတ်တွင်းမြို့၊ မဲကုန်းရပ်ကွက်နှင့် ကသစ်တန်းရပ်ကွက်တို့ရှိ အ. မ. က (လွန်) ကျောင်း၊ ပြည်မြို့ အ. ထ. က (မူယာပင်) ကျောင်းနှင့် အ. ထ. က (၄) ကျောင်း၊ ရွှေတောင်မြို့ သစ်ကိုင်းအုပ်စု၊ တောင်လုံးညို ကျေးရွာရှိ အ. မ. က (တောင်လုံးညို) ကျောင်း၊ နန်းတော်ရာရပ်ကွက်ရှိ အ. ထ. က-၄ (ခွဲ) နှင့် အ. မ. က-၄ (ခွဲ) ကျောင်း၊ ပုဏ္ဏားစုရပ်ကွက်ရှိ အ. ထ. က (ခွဲ) ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မင်းလှမြို့ ဇီးကုန်းလေးရပ်ကွက်နှင့် သာယာဝတီမြို့ ကျောက်ကြီးတန်းရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ ပြည်မြို့ နဝဒေးရပ်ကွက်၊ အောင်ဆန်းပြည်သာယာရပ်ကွက်၊ ပန်းတောင်းမြို့တွင် ဥသျှစ်ပင် လမ်းမတော်လမ်းနှင့် ဥသျှစ်ပင်ဈေးတို့ရှိ စက်သုံးဆီအရောင်းဆိုင်၊ ခေတ္တရာမြို့သစ်ဈေးရှိ စားသုံးဆီအရောင်းဆိုင်၊ ဆံတော်ရပ်ကွက်ရှိ ဆန်ဆိုင်၊ ရွှေတောင်မြို့တွင် ရန်ကုန်-ပြည်လမ်း ကြာနီကန်ရပ်ကွက်နှင့် ဆေးရိုးတန်းလမ်း ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်၊ လမ်းမတော်လမ်းတို့ရှိ ဆီစက်များ၊ ပေါက်ခေါင်းမြို့တွင် အမှတ် (၃) ရပ်ကွက်ရှိ မြေပဲယိုနှမ်းယိုလုပ်ငန်း၊ အမှတ် (၃) ရပ်ကွက်နှင့် အမှတ် (၂) ရပ်ကွက်တို့ရှိ ဆီရောင်းဝယ်ရေးလုပ်ငန်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ရှိ ဆီလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မြို့သစ်၊ ရေနံချောင်း၊ မင်းဘူး၊ သရက်၊ ပခုက္ကူ ဆိပ်ဖြူ ဂန့်ဂေါ၊ အောင်လံနှင့် တောင်တွင်းကြီးမြို့များရှိ အ. ထ. က ကျောင်း၊ အ. လ. ကကျောင်း၊ အ. မ. က (လွန်) ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မင်းဘူး၊ ပွင့်ဖြူနှင့် ဆိပ်ဖြူနှင့် ချောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့် ပြည်သူများ၊

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှအဆက်*

ဦးစီးမှူးရုံးအနေဖြင့် ကျိုက်လတ်မြို့နယ်နှင့် ဇလွန်မြို့နယ်တို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများ၊ ကျုံပျော်မြို့နယ် မြို့မဈေးအတွင်းရှိ စားသုံးသူပြည်သူများ၊ ငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက်ရှိ အ. လ. က ကျောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ် ရွှေဟသာ်ကျွန်းကျေးရွာနှင့် တူးချောင်းကျေးရွာ၊ ဓနုဖြူမြို့နယ် အကျော်ကျေးရွာတို့ရှိ အ. ထ. က (ခွဲ) ကျောင်းများ၊ ရေကြည်မြို့နယ်၊ ဘုရားကြီးကုန်း အ. မ. က ကျောင်းနှင့် အ. မ. က မူလွန်ကျောင်း၊ သာပေါင်းမြို့နယ် အ. မ. က တောင်ယာကုန်းကျောင်း၊ ကျောင်းကုန်းမြို့နယ် အ. လ. က ညောင်သာယာကျောင်း၊ ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာ အ. ထ. က ကျောင်း၊ မအူပင်မြို့နယ်၊ မင်းဘောကျေးရွာ အ. မ. က ကျောင်းတို့ရှိ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ်၊ လပွတ္တာမြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်တို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စားသုံးသူအသိပညာပေး အွန်လိုင်း Talk Show အစီအစဉ်များလည်းဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ငပုတောမြို့၊ မြောက်ပိုင်းရပ်ကွက်ရှိ ရေခဲကိတ်လုပ်ငန်းရှင်၊ သာပေါင်းမြို့ပေါ်ရှိ တံမြက်စည်းလုပ်ငန်းရှင်၊ မုန့်ဟင်းခါးလုပ်ငန်းရှင်၊ ဆန်စက်လုပ်ငန်းရှင်၊ အကြော်လုပ်ငန်းရှင်များနှင့် စားသုံးဆီလုပ်ငန်းရှင်များ၊ ပုသိမ်မြို့ရှိ စားသုံးဆီလုပ်ငန်းရှင်များနှင့် မာတရပ်ကွက်ရှိ ဆန်စက်လုပ်ငန်းရှင်၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်ရှိ ကိတ်မုန့်လုပ်ငန်းရှင်၊ ကျုံပျော်မြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ဆီလုပ်ငန်းရှင်များနှင့် မုန့်လုပ်ငန်းရှင်၊ ရေကြည်မြို့နယ်၊ အာလူးကြော်လုပ်ငန်းရှင်နှင့် မုန့်ဆိုင်လုပ်ငန်းရှင်များ၊ ငပုတောမြို့နယ်ရှိ စားသုံးဆီလုပ်ငန်းရှင်များ၊ ကျောင်းကုန်းမြို့နယ် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ဖျာပုံမြို့ရှိ City Mart ဆိုင်များ၊ စတိုးဆိုင်များနှင့် အဝတ်အထည်များရောင်းချသည့် ဆိုင်ပိုင်ရှင်များအား သွားရောက်တွေ့ဆုံ၍ အွန်လိုင်းရောင်းဝယ်ခြင်းဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မုံရွာမြို့ အ. ထ. က (၂) ကျောင်း၊ ကလေးခရိုင်၊ တမူးမြို့ ဆော်ဘွားရပ်ကွက် အ. ထ. က (၂) ကျောင်း၊ ကန့်ဘလူမြို့ အ. လ. က (ခွဲ) ကျောင်းနှင့် အ. မ. က (၄) ကျောင်း၊ ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက် အ. လ. က ကျောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် စစ်ကိုင်းနည်းပညာတက္ကသိုလ်တို့ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကလေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ဒီဇယ်စက် ခေါင်းစက်ရုံသင်တန်းကျောင်းနှင့်

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



## ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ ဖုန်းဘေလ်ဖြည့်သွင်းခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ၎င်း၏ CB Bank Account မှ ၎င်း၏ ဖုန်းနံပါတ်ဖြစ်သော (09-xxxxxxxxx) သို့ ဖုန်းဘေလ်ဖြည့်ခဲ့သော်လည်း ဘေလ်ရောက်ရှိခြင်းမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ အီးမေးလ်မှတစ်ဆင့် ဆက်သွယ်တိုင်ကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများထံသို့ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက စိစစ်ရာတွင် CB Bank ဘက်မှ နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့် တိုင်ကြားသူ၏ ဘဏ်စာရင်းမှ ဆက်သွယ်ရေးကုမ္ပဏီ၏ Wallet သို့ ပြုလုပ်သော လွှဲပြောင်းမှုအတွက် Response Log ပေးပို့နိုင်ခြင်းမရှိသောကြောင့် ဖြစ်ပါကြောင်း၊ ဤလွှဲပြောင်းမှု ချွတ်ယွင်းချက်ကို သိရှိသည်နှင့် CB Bank သို့ ဆက်သွယ်၍ လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရန် အကြောင်းကြားခဲ့ပြီး တိုင်ကြားသူ၏ ဖုန်းနံပါတ်သို့ ဖုန်းဘေလ်ငါးထောင်ကျပ်အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ထည့်သွင်းပေးခဲ့ပြီးဖြစ်သည်ဟု အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ ဌာနမှတာဝန်ရှိသူက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းခဲ့ရာ ဖုန်းဘေလ် လက်ခံရရှိကြောင်းနှင့် ဖြေရှင်းဆောင်ရွက်မှုအပေါ် စိတ်ကျေနပ်မှုရှိပါကြောင်း ပြန်လည်ပြောကြားလာခဲ့သည့်အတွက် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သံလျင်မြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ အမှတ် (၁၉) ကမ်းနားလမ်း (၂) ရပ်ကွက်၊ အမှတ် (၇) စည်ပင်သာယာမြို့မဈေး၊ အမှတ် (၁) ဈေး၊ ရွှေဆံတော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာရပ်ကွက်၊ ဆပုဂံကျေးရွာတို့ရှိ စားသုံးဆီဆိုင်များသို့ သွားရောက်၍ ပြည်သူများအား ဈေးနှုန်းမှန်ကန်စွာဖြင့် အခက်အခဲမရှိ ဝယ်ယူရရှိနိုင်ရေးအတွက် သတ်မှတ်ရည်ညွှန်းဈေးနှုန်း

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၇ မှအဆက်*

ဖြင့် ရောင်းချခြင်းရှိ-မရှိ၊ ထန်းတပင်၊ လှိုင်သာယာ၊ လှည်းကူးနှင့် တိုက်ကြီးမြို့နယ်များမှ မြို့မဈေးတို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)၊ (၁/၂၀၂၁) နှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသော (၂/၂၀၂၄) တို့နှင့် ကိုက်ညီမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မိတ္ထီလာခရိုင်၊ မိတ္ထီလာ-ရန်ကုန်လမ်းရှိ စက်သုံးဆီဆိုင်များသို့ သွားရောက်၍ ဈေးကွက်အတွင်းရောင်းချနေသော စက်သုံးဆီများအား သတ်မှတ်အချိန်အတွယ်နှင့်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီခြင်းရှိ-မရှိ၊ စက်မှုလုပ်ငန်းများအတွက် ဝယ်ယူရာတွင် အဆင်ပြေစေရေးနှင့်စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန်နှင့် သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချမှုရှိ-မရှိနှင့် မိတ္ထီလာမြို့မဈေးအတွင်းရှိ စားသုံးဆီအမျိုးမျိုးရောင်းချသည့် ဆိုင်များသို့ သွားရောက်၍ စားသုံးဆီများကို ရည်ညွှန်းဈေးဖြင့်ရောင်းချခြင်းရှိ-မရှိ၊ အလေးချိန်အတွယ်မှန်ကန်မှု ရှိ-မရှိ၊ ဆီဗူးများတွင် သက်ဆိုင်ရာဌာနများက လိုက်နာရန် ထုတ်ပြန်ထားသော ကုန်အညွှန်းအမှတ်အသားဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ငပုတောမြို့ပေါ်ရှိ မြေဩဇာအရောင်းဆိုင်များ၊ ဆန်ဆိုင်ကြီးများနှင့် မြို့မဈေးအတွင်းရှိ ဆေးအရောင်းဆိုင်များ၊ ရေကြည်မြို့နယ်၊ မြို့မဈေးအတွင်းရှိ ဆေးအရောင်းဆိုင်များ၊ သာပေါင်းမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် သီရိရွှေသာဈေးအတွင်းရှိ ကုန်မျိုးစုံအရောင်းဆိုင်များ၊ ပုသိမ်မြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များ၊ ကန်ကြီးထောင့်မြို့ပေါ်ရှိ ဆန်အရောင်းဆိုင်များနှင့် မုန့်မျိုးစုံအရောင်းဆိုင်များ၊ ကျုံပျော်မြို့၊ မြို့မဈေးအတွင်းရှိ မုန့်မျိုးစုံအရောင်းဆိုင်များ၊ ဘိုကလေးမြို့ရှိ ကလေးအသုံးအဆောင်နှင့် ကစားစရာရောင်းချသည့်ဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်း ရှိ-မရှိ၊ မြောင်းမြမြို့၊ အိမ်မဲမြို့၊ ဝါးခယ်မမြို့၊ လပွတ္တာမြို့၊ မော်လမြိုင်ကျွန်း မြို့နယ်များအတွင်းရှိ စားသုံးဆီဆိုင်များ၊ ကုန်မျိုးစုံရောင်းချသည့် ဆိုင်များသို့ သွားရောက်၍ စားသုံးဆီများကို ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းရှိ-မရှိ၊ အလေးချိန်အတွယ်မှန်ကန်မှု ရှိ-မရှိ၊ ဆီဗူးများတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံခြင်းရှိ-မရှိ၊ မအူပင်မြို့၊ ပန်းတနော်မြို့၊ ဓနုဖြူမြို့၊ ပန်းတနော်မြို့၊ ညောင်တုန်းမြို့နယ်များရှိ ဆေးဆိုင်များနှင့်စတိုးဆိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာ ထောက်ခံချက်များ ပါဝင်မှု ရှိ-မရှိ၊ တရားမဝင်ဆေးဝါးများ ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဈေးကွက်အတွင်းရောင်းချ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်း ရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၅၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ကွမ်းခြံကုန်းမြို့နယ်ရှိ အ. ထ. က တော်ပန်းကျောင်းနှင့် ငါးခုမွှစမ်းကျေးရွာ အ. မ. ကကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ် ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ရန်ကုန်ပြန်ကြားရေးနှင့်ပြည့်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မိတ္ထီလာမြို့ရှိ စားသုံးသူပြည်သူများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ရှိ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်းနှင့် စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် ကျောက်ဆည်မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား အွန်လိုင်းမှတဆင့် ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှအဆက်*

ကျိုင်းတုံမြို့ မြို့မဈေးအတွင်းရှိ အခြေခံစားသောက်ကုန် အရောင်းဆိုင်များ၊ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၆) အ. ထ. က ကျောင်း အတွင်းရှိ မုန့်အရောင်းဆိုင်များ၊ ရပ်ကွက် (၄)၊ အခွန်လွတ်ဈေး (အာခါဈေး) အတွင်းရှိ ကုန်စုံဆိုင်များ၊ ရပ်ကွက် (၃) နှင့် ရပ်ကွက် (၄) အတွင်းရှိ ကုန်စုံဆိုင်များ၊ တာချီလိတ်မြို့ပေါ်ရှိ အလှကုန်ပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်၍ အသင့်စားမုန့် အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ စက်သုံးဆီအချိန်အတွယ် ပြည့်ဝမှု ရှိ-မရှိနှင့် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချမှု ရှိ-မရှိ၊ တားမြစ်ထားသော ကုန်စည်များရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်း အမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ ဇူလိုင်လ အထိ) တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

**Source: CICC**

၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၃၄ | ၁၄၄ | ၃၃ | ၁၄၃ |
| ၂။ | ဖေဖော်ဝါရီလ | ၃၄ | ၁၁၄ | ၃၄ | ၁၁၄ |
| ၃။ | မတ်လ | ၄၃ | ၁၂၅ | ၄၃ | ၁၂၅ |
| ၄။ | ဧပြီလ | ၃၆ | ၉၃ | ၃၆ | ၉၃ |
| ၅။ | မေလ | ၃၆ | ၁၁၃ | ၃၆ | ၁၁၃ |
| ၆။ | ဇွန်လ | ၃၆ | ၁၄၇ | ၃၆ | ၁၄၇ |
| ၇။ | ဇူလိုင်လ | ၄၅ | ၁၆၀ | ၄၄ | ၁၆၀ |
| ၈။ | ဩဂုတ်လ | ၃၅ | ၁၃၂ | ၃၅ | ၁၃၂ |
| စုစုပေါင်း | | ၂၉၉ | ၁၀၂၉ | ၂၉၇ | ၁၀၂၇ |



*စာမျက်နှာ ၈ မှအဆက်*

နေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း အကြိမ် (၄၀) ဆောင်ရွက်ခဲ့ကြောင်း၊ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပဲခူးမြို့နယ်နှင့် တောင်ငူခရိုင် အုတ်တွင်းမြို့တို့ရှိ ဆန်စက်၊ လက်လီ၊ လက်ကား ရောင်းချနေသော ဆန်ဆိုင်များနှင့် စားအုန်းဆီ လက်လီလက်ကား ရောင်းချနေသော ကုန်စုံဆိုင်များ၊ အိုးသည်ကုန်း မြို့နယ်အတွင်းရှိ ဆန်စက်နှင့်ဆန်ဆိုင်များ၊ သာယာဝတီခရိုင်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချနေသည့် ဆေးဆိုင်များ၊ ပြည်ခရိုင်၊ ပြည်မြို့ အ. ထ. က (မူယာပင်) နှင့် မြို့သစ်ဈေးရှိ မုန့်ဆိုင်များ၊ ကသည်းဈေး၊ ရွာဘဲရပ်ကွက်၊ ဆံတော်ရပ်ကွက်၊ ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်နှင့် ကြာနီကန်ရပ်ကွက်နှင့် တည်ကုန်းတောင်ပိုင်းတို့ရှိ ကုန်စုံဆိုင်များ၊ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ဈေးနှင့် ဥသျှစ်ပင်မြို့ပေါ်ရှိ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များ၊ ပေါက်ခေါင်းမြို့ဈေးရှိ ကုန်စုံဆိုင်များ၊ မြို့ပေါ်စတိုးဆိုင်များနှင့် အမှတ် (၃၊ ၄) ရပ်ကွက်ရှိ ကုန်စုံဆိုင်များနှင့် မြို့ပေါ်စတိုးဆိုင်များ၊ သာယာဝတီမြို့ မြို့မဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်များသို့ သွားရောက်၍ စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်သည့် ကုန်စည်များအား ရောင်းချခြင်း ရှိ-မရှိ၊ စားအုန်းဆီများရောင်းချရာတွင် သတ်မှတ်ဈေးထက် ကျော်လွန်ရောင်းချခြင်း၊ အလေးချိန်မှန်ကန်စွာ ရောင်းချခြင်း ရှိ-မရှိ၊ ဆေးများ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်စည်များကို တင်သွင်း ရောင်းချခြင်း ရှိ-မရှိ ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးဆီများထားသိုရာတွင် သန့်ရှင်းမှုရှိစေရေး၊ သတ်မှတ်အချိုးအစားအတိုင်း Label ကပ်၍ ရောင်းချစေရေးအတွက် တောင်တွင်းကြီး၊ ရေနံချောင်း၊ မကွေးမြို့၊ နတ်မောက်၊ ပွင့်ဖြူ၊ စလင်း၊ မင်းဘူး၊ သရက်၊ မင်းလှ၊ မင်းတုန်း၊ ဆိပ်ဖြူမြို့များရှိ စားသုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့အပြင် တောင်တွင်းကြီး၊ ရေနံချောင်း၊ မြို့သစ်၊ မကွေး၊ ပွင့်ဖြူ၊ မင်းဘူး၊ သရက်၊ ဆင်ပေါင်ဝဲနှင့် ကံမမြို့များရှိ ကုန်မျိုးစုံအရောင်းဆိုင်များသို့ သွားရောက်၍ ရောင်းချနေသော ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်း ရှိ-မရှိ၊ ရေနံချောင်း၊ ချောက်၊ စလင်း၊ သရက်၊ မင်းတုန်း၊ ကံမ၊ ဂန့်ဂေါ မြို့တို့ရှိ ဆန်ဆိုင်များသို့သွားရောက်၍ သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ-မရှိ မကွေး၊ ချောက်၊ ရေနံချောင်း၊ နတ်မောက်၊ ကံမနှင့် တောင်တွင်းကြီးမြို့များရှိ စတိုးဆိုင်များ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်များနှင့်

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

ဆေးပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ ရောင်းချနေသော ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်း ရှိ-မရှိ တားမြစ်ထားသော ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချခြင်းရှိ-မရှိ၊ ဆိပ်ဖြူမြို့ရှိ စက်သုံးဆီဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများကို LED Board များပေါ်တွင် ဖော်ပြထားမှု ရှိ-မရှိ အချင်အတွယ်မှန်ကန်မှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ပေါ်ရှိ ကမ်းနားပျံကျဈေး၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မုဒိတာကိုယ်ပိုင်အလယ်တန်းကျောင်းမုန့်ဈေးတန်း၊ မြိတ်မြို့ပေါ်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမုန့်ဈေးတန်း၊ ကော့သောင်းမြို့ပေါ်ရှိ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များသို့ သွားရောက်၍ အသင့်စားခေါက်ဆွဲခြောက်အမျိုးမျိုး၊ ရောနှောဆီများ၊ ဆေးဝါးများအား သက်မှတ်ချက်များနှင့်အညီ ရောင်းချနေမှုများ ရှိ-မရှိ၊ သက်တမ်းလွန် အလှကုန်များနှင့် ဆေးဝါးများ ရောင်းချမှုရှိ-မရှိနှင့် စားသောက်ကုန်စည်အမျိုးမျိုးတွင် ကုန်ညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့အတွင်းရှိ ခေမာသီရိရပ်ကွက်၊ ဒူကထောင်ရပ်ကွက်၊ အင်ဂျန်ဒုံရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ တပ်ကုန်းရပ်ကွက်၊ စက်မှုဇုံရပ်ကွက်နှင့် အမှတ် (၂) စည်ပင်သာယာဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ မြစ်ကြီးနားမြို့၊ အ. ထ. က ကျောင်းနှင့် အမှတ် (၂) အ. လ. က ကျောင်းရှိ မုန့်ဈေးဆိုင်များ၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့အတွင်းရှိ အလယ်ရပ်ရပ်ကွက်၊ ညောင်ပင်ရပ် ရပ်ကွက်၊ ဟန်းတဲရပ်ကွက်၊ ကန်တော်ရပ်ကွက်နှင့် မင်းကုန်းရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့အတွင်းရှိ နားခါရပ်ကွက်၊ မြို့မရပ်ကွက်၊ စိမ်းမြောက်ရပ်ကွက်၊ အမှတ် (၂) စည်ပင်သာယာဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ အမှတ် (၂) အ. ထ. က ကျောင်းရှိ မုန့်ဈေးဆိုင်များနှင့် အရှေ့စုရပ်ကွက်ရှိ EC Bakery မုန့်တိုက်တို့သို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လဖက်ရည်ထုပ်အမျိုးမျိုး၊ စာသုံးဆီအမျိုးမျိုး၊ အသင့်သောက်အချိုရည်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၅) ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့ရှိ အ. လ. က (၇) ကျောင်းမုန့်ဈေးတန်း၊ မော်လမြိုင်မြို့၊ အမှတ်(၂) ဈေးနှင့်ပွဲရုံတန်း၊ ကျိုက်မရောမြို့ရှိ မြို့မဈေး၊ ဘီးလင်းမြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ နီလာဈေး၊ မုဒုံမြို့ရှိ ရွှေဟင်္သာဈေးနှင့် မြို့ပေါ်ရပ်ကွက်များ၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်နှင့် ကျိုက်ထိုမြို့ပေါ်တို့ရှိ Mini Market၊ ကုန်စုံဆိုင်များ၊ ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ မင်္ဂလာဈေးနှင့် အမှတ် (၁) ဈေးအတွင်းတို့ရှိ မုန့်ဆိုင်များ၊ မုဒုံမြို့နယ်နှင့် ရွှေဟင်္သာဈေး၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များနှင့် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော မြန်မာလက်လုပ်မုန့်များ သန့်ရှင်းလတ်ဆတ်မှု ရှိ-မရှိနှင့် လေဖောင်းမုန့်များ၊ ဖျော်ရည်ဗူးများစသည့် အသင့်စားမုန့်များ၌ ကုန်အညွှန်းအမှတ်အသားများပြည့်စုံမှုရှိ-မရှိ၊ ကုန်စည်များတွင် ကုန်အညွှန်း အမှတ်အသားများ ပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ ရောနှောဆီများ ရောင်းချခြင်း ရှိ-မရှိ၊ စားသုံးသူဘေးအန္တရာယ်ဖြစ်စေနိုင်သော မုန့်များရောင်းချခြင်း ရှိ-မရှိ၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများ ရောင်းချမှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ်နှင့် ရေးမြို့နယ်အတွင်းတို့ရှိ စက်သုံးဆီဆိုင်သို့ သွားရောက်၍ ဆီသိုလှောင်ကန်များ တိုးချဲ့ဆောင်ရွက်ရာတွင် သတ်မှတ်စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ-မရှိ၊ မော်လမြိုင်မြို့အတွင်းရှိ ဆေးဆိုင်များ၊ မော်လမြိုင်မြို့၊ အမှတ် (၁) ဈေးနှင့် အောက်လမ်းမကြီးလမ်းဘေးဝဲယာ ကုန်စုံဆိုင်များသို့ သွားရောက်၍ ဆေးနှင့်ဆေးပစ္စည်း သိုလှောင်ထားခြင်း ရှိ-မရှိ၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်း ရှိ-မရှိ၊ ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ မင်္ဂလာဈေးအတွင်းရှိ ဆန်ဆိုင်များ၊ ကျိုက်မရောမြို့နယ်ရှိ ဆန်ဂိုဒေါင်များနှင့် ဆန်ဆိုင်ကြီးများသို့ သွားရောက်၍ ဈေးနှုန်းမြှင့်တင်ရောင်းချရန် သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် လွိုင်လင်မြို့၊ မြို့မဈေးအတွင်းရှိ မုန့်မျိုးစုံရောင်းချနေသော ဆိုင်များ၊ နမ့်စန်မြို့ပေါ်နှင့် ပင်လုံမြို့၊ မြို့မဈေးအတွင်းရှိ ဆန်အရောင်းဆိုင်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုး ရောင်းချသည့် ကုန်စုံဆိုင်များ၊ ပင်လုံမြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်နှင့် ဟော်ကုန်းရပ်ကွက်ရှိ ကုန်စုံဆိုင်၊ စတိုးဆိုင်များ၊ အောင်ပန်းမြို့ပေါ်ရှိ အ. ထ. က ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသည့် မုန့်ဆိုင်များ၊ တောင်ကြီးမြို့ပေါ်ရှိ စားသုံးဆီလက်လီအရောင်းဆိုင်များ၊ တာချီလိတ်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*